# မြန်မာကဗျာများလေ့လာချက်
# (၁၉၀၀-၁၉၁၀)

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မကြင်သာမြင့်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် ၁၉၀၀ မှ ၁၉၁၀ ပြည့်နှစ်အတွင်း မြန်မာကဗျာများကို လေ့လာသောကျမ်း ဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် ၁၉၀၀ ပြည့်နှစ်မှ ၁၉၁၀ တွင်း မြန်မာကဗျာများကို ဦးစွာလေ့လာပါသည်။ ထို့နောက် ၁၉၀၀–၁၉၁၀ပြည့်နှစ်အတွင်း ဖြစ်ပေါ်ပြောင်းလဲနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ ဘာသာရေး၊ စာပေယဉ်ကျေးမှုအခြေအနေတို့ကို လေ့လာတင်ပြပါသည်။ ၁၉၀၀ ပြည့်နှစ်မှ ၁၉၁၀ ပြည့်နှစ်အတွင်း မြန်မာကဗျာများ၏ အခြေအနေကို ဆက်လက်လေ့လာတင်ပြရာတွင် မြန်မာကဗျာ့သမိုင်းလမ်းကြောင်း (၁၉၀၀–၁၉၁၀) မြန်မာကဗျာများနှင့် ဇာတ်ဝင်ကဗျာများဟူ၍ အခန်းကဏ္ဍများခွဲခြားဖော်ပြထားပါသည်။ ထို့နောက် ၁၉၀၀ပြည့်နှစ်မှ ၁၉၁၀ ပြည့်နှစ်အတွင်း ထွက်ပေါ်လာသော မြန်မာကဗျာများကို လေ့လာပါသည်။ ဤတွင် မန်လည်ဆရာတော်၏ကဗျာများ၊ လယ်တီဆရာတော်၏ကဗျာများနှင့် မောင်းထောင်ဦးကျော်လှ၏ ကဗျာများကို တွေ့ရပါသည်။ ထိုခုနှစ်များအတွင်း ထွက်ပေါ်လာသော မြန်မာကဗျာများမှာ အလွန်နည်းပါးသောကြောင့် ထိုခေတ်ထွက်ပေါ်လာခဲ့သော မြန်မာပြဇာတ်များတွင် ပါဝင်သည့် ဇာတ်ဝင်ကဗျာများကို ဆက်လက်ရှာဖွေကာလေ့လာထားပါသည်။ မြန်မာပြဇာတ်များမှာ ထိုခေတ်စာပေဖွံ့ဖြိုး တိုးတက်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။ ဤသို့ ၁၉၀၀ပြည့်နှစ်မှ ၁၉၁၀ပြည့်နှစ်အတွင်း တွေ့ရှိရသမျှသော စာအုပ်စာပေများကို ကိုးကားရန် မြန်မာကဗျာ၏ အခြေအနေ၊ ထိုခေတ်မြန်မာစာပေတွင် မြန်မာကဗျာ၏အခန်းကဏ္ဍကို သိရှိနိုင်ရန် လက်လှမ်းမီသမျှ လေ့လာတင်ပြထားပါသည်။ ထို့ကြောင့် မြန်မာကဗျာများသည် ၁၉၀၀ မှ ၁၉၁၀ တွင်း ဆက်လက်ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ပြည်သူတို့အား အသိအလိမ္မာပေးစွမ်းနိုင်သော ကဗျာများအဖြစ် တည်ရှိ၍ အကျိုးကျေးဇူးများ ရစေပါသည်။